

2024 ခုနှစ် နွေဦးကာလ

PHL ConnectED

2-1-1 သို့ ခေါ်ဆိုလိုက်ပါ

# Philadelphia မှ

# မူကြို-12 တန်း မိသားစုများကို အခမဲ့ သို့မဟုတ် စရိတ်သက်သာသော အင်တာနက်နှင့် ချိတ်ဆက်ပေးခြင်း

*လေ့လာသင်ယူခြင်းသည် စာသင်ခန်းမှာပင် ပြီးဆုံးမသွားပါ။*

## PHLConnectED ဆိုတာ ဘာလဲ။

PHLConnectED သည် မူကြို-12 တန်း မိသားစုများအဖို့ အခမဲ့ သို့မဟုတ် စရိတ်သက်သာသော အင်တာနက်ကို သုံးစွဲခွင့်ရစေရေး ကူညီပေးရန် မြို့တော်၏ အစီအစဉ် ဖြစ်ပါသည်။

## PHLConnectED သည် မိသားစုများကို မည်သို့အထောက်အကူဖြစ်စေသနည်း။

မိသားစုများအနေဖြင့် PHLConnectED ဒစ်ဂျစ်တယ် လမ်းညွှန်စနစ် (Digital Navigator) ၏ တစ်ဦးချင်းသီးသန့် ကူညီပံ့ပိုးမှုကို ဤသည်တို့အတွက် ရရှိနိုင်ပါသည်-

- အခမဲ့ သို့မဟုတ် စရိတ်သက်သာသော အင်တာနက်အတွက် ရရှိနိုင်သည့် ရွေးချယ်စရာများကို ပြန်လည်စိစစ်သုံးသပ်ခြင်း။
- နည်းပညာကို လက်လှမ်းမီရေးနှင့် သုံးစွဲနိုင်ရေးအတွက် အကူအညီ။
- Philadelphia မြို့တော်တစ်ဝန်း ရရှိနိုင်သော ဒစ်ဂျစ်တယ်စွမ်းရည်မြှင့်တင်မှု သင်တန်းနှင့် အရင်းအမြစ်များကို တက်ရောက်အသုံးပြုနိုင်ရေး

## မည်သို့ချိတ်ဆက်နိုင်သနည်း

ပိုမိုသိရှိရန် **2-1-1 သို့ ခေါ်ဆိုပါ။** ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများအတွက် **8 ကို နှိပ်ပါ။**

အရေးပေါ်ဖုန်းလိုင်းကို တစ်ရက်လျှင် 24 နာရီ၊ တစ်ပတ်လျှင် 7 ရက် ဖွင့်ပေးထားပြီး ဘာသာစကားပေါင်း 150 ကျော်ဖြင့် ဆက်သွယ်ပြောဆိုနိုင်ပါသည်။

## PHLConnectED မှတစ်ဆင့် မည်သူတို့ချိတ်ဆက်နိုင်သနည်း။

မိသားစုများအနေဖြင့် ဤအချက်များနှင့်ကိုက်ညီလျှင် PHLConnectED T-mobile ဆယ်လူလာ hotspot အတွက် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်-

- Philadelphia ကျောင်းတစ်ကျောင်းတွင် မူကြို-12 တန်း ကျောင်းသား/သူတစ်ဦး အပ်နှံထားခြင်း
- အိမ်တွင်းသုံး ကြိုးသွယ်တန်းထားသော အင်တာနက်ကို သုံးစွဲခွင့်မရခြင်း၊ မိုဘိုင်းစက်ပစ္စည်းဖြင့်သာ အင်တာနက်သုံးနိုင်ခြင်း သို့မဟုတ် အိုးမဲ့အိမ်မဲ့ဖြစ်နေသူ (သို့) နောက်ဖေးလမ်းကြားတွင် နေထိုင်ရသူ ဖြစ်ခြင်း
- ဝင်ငွေဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များ ရှိသည့် အစိုးရ အကျိုးခံစားခွင့်အစီအစဉ်အချို့တွင် ပါဝင်ထားခြင်း

City of Philadelphia

phila.gov/phlconnected